**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၃၇ / ၃/ရွေးချယ်ရေး(လူတွေ့)/ ၂၀၂၃

ရက်စွဲ၊ ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၁၆ ရက်

သို့

__________________________

__________________________

အကြောင်းအရာ။ **စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းဖြေဆိုရန်ကိစ္စ**

၁။ ကြော်ငြာစာအမှတ်(၅/၂၀၂၂)ပါ လစ်လပ်ရာထူး (၉၆၀)နေရာအတွက် ရွေးချယ်ရန် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင်** အောက်ပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဖြေဆိုရန်အကြောင်းကြားပါသည်-

(က) **စိတ်အခြေအနေစစ်ဆေးရန် သတင်းပို့ရမည့်ရက်၊အချိန်**

၂၀၂၃ ခုနှစ်၊ လ ( )ရက်

(၁) သတင်းပို့ရန် - နံနက် ၀၇ : ၀၀ နာရီ

(၂) စိတ်အခြေအနေစစ်ဆေးခြင်းဖြေဆိုရန် - နံနက် ၀၉ : ၀၀ နာရီ

( ခ ) **လူတွေ့စစ်ဆေးမည့်ရက်၊အချိန်**

၂၀၂၃ ခုနှစ်၊ လ ( )ရက် - နံနက် ၀၉ : ၀၀ နာရီ

( ဂ) **အထက်စာပိုဒ်-၁(က)ပါ သတင်းပို့ရမည့်နေ့ရက်တွင် အောက်ဖော်ပြပါ စာရွက်စာတမ်း များကို မပျက်မကွက် တင်ပြရပါမည်-**

(က) ဘွဲ့လက်မှတ် **မူရင်း** (သို့မဟုတ်) မော်ကွန်းထိန်းရုံးမှ ထုတ်ပေးသည့် ဘွဲ့ရရှိကြောင်း ထောက်ခံချက် **မူရင်း** ၊

(ခ) အသက်အထောက်အထားဖော်ပြသည့် အခြေခံပညာအထက်တန်း / တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်**မူရင်း (အသက်သတ်မှတ်ချက် ညီညွတ်ခြင်း ရှိ/မရှိစိစစ်ရာတွင် ဤအောင်လက်မှတ်သည် အဓိကအထောက်အထားဖြစ်ကြောင်း သတိပြုရန်ဖြစ် ပါသည်။ အမည်ကွဲလွဲမှုရှိလျှင် အမည်ပြောင်းအထောက်အထားကို တစ်ပါတည်း တင်ပြရပါမည်။)**

(ဂ) ဘွဲ့ရသည့်နှစ်တွင် အောင်မြင်သောဘာသာရပ်နှင့်ရမှတ်စာရင်း**မူရင်း**၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား**မူရင်း၊**

(င) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊

၂/သို့

(စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးမှ ရာဇဝတ်ပြစ်မှုကျူးလွန်ဖူးခြင်းနှင့် ပြေး(၄)ပြေးစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ထောက်ခံစာမူရင်း [ **လျှောက်လွှာတင်သွင်းသည့်ရက်မှ (၆)လအတွင်း တောင်းခံခဲ့သည့် ထောက်ခံစာဖြစ်ရမည်။ ထောက်ခံစာတွင် ထောက်ခံသူ၏ အမည်၊ ရာထူး၊ ကိုယ်ပိုင်အမှတ်နှင့် ရုံးတံဆိပ်တို့ ပြည့်စုံစွာပါရှိရမည်။** ]

(ဆ) ကျန်းမာကြောင်းဆေးလက်မှတ်**မူရင်း၊**

(ဇ) လျှောက်ထားသူ၏ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ (ရှေ့တည့်တည့်မှရိုက်ထားပြီးနားရွက်နှစ်ဖက်မြင်စေရမည်။)

(ဈ) **ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိကြောင်း လတ်တလော ဆေးစစ်ထားသည့် ထောက်ခံချက်၊**

(ည) စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့်ချလန် **မူရင်း၊**

(ဋ) ပူးတွဲပုံစံတွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး **မိတ္တူ ( ၁၂ ) စောင်** ပြုစုတင်ပြရန်။

၂။ **ဝတ်စားဆင်ယင်မှု**

(က) **အမျိုးသားများရှပ်အင်္ကျီ(အဖြူ)ကော်လာလည်ကတုံးတိုက်ပုံအင်္ကျီပုဆိုးညှပ်ဖိနပ်ဝတ်ဆင်လာပါရန်။**

(ခ) **အမျိုးသမီးများရင်ဖုံးအင်္ကျီလက်ရှည်(သို့မဟုတ်)လက်စကတထမီသဲကြိုးဖိနပ်ဝတ်ဆင်လာပါရန်။**

၃။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ခုံအမှတ်မှာ ( ) ဖြစ်ပါသည်။

၄။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးရန်အတွက် လာရောက်ရသည့် ခရီးစရိတ်ကို ဤအဖွဲ့က ထုတ်ပေးမည်မဟုတ်ပါ။

၅။ **လျှောက်ထားစဉ်က အစိုးရဝန်ထမ်းမဟုတ်သော်လည်း လျှောက်ထားစဉ်ကာလအတွင်း အစိုးရဝန်ထမ်းဖြစ်လာပါက ယခုရာထူးလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိကြောင်း၊ မိမိလက်ရှိ တာဝန်ထမ်းဆောင်ရာ ဌာနမှတစ်ဆင့်ဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီးဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို လူတွေ့စစ်ဆေးသောအခါ တင်ပြရမည် ဖြစ်ပါသည်။**

၆။ ယခင်ကအစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီး နုတ်ထွက်ခဲ့သူဖြစ်ပါက ယင်းဌာနမှ နုတ်ထွက်ခွင့်ပြုသည့် ရုံးအမိန့်စာမူရင်းနှင့် မိတ္တူကို ယူဆောင်တင်ပြရန်နှင့် တင်ပြနိုင်ခြင်းမရှိပါက **လူတွေ့စစ်ဆေး ခံယူခွင့်ပြုမည် မဟုတ်ကြောင်း** အသိပေးပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

( စုစုအေး ၊ ညွှန်ကြားရေးမှူး )